## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၇၂

| | | |
|---|---|---|
| ဦးဘင်သစ်<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဒေါ်ခိုင်ဇာထွန်း) | နှင့် | FM Industrial &<br>Construction Co., Ltd.<br>(ကုမ္ပဏီအတွက် တာဝန်ပေး<br>ခြင်းခံရသူ ဦးလှဝင်း(ဒါရိုက်တာ)) |
| (တရားလို) | | (တရားပြိုင်) |

တရားလိုအတွက် ။ ။ ဦးတင်ယု၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် ။ ။ ဒေါ်ချိုချိုမာ၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ၊ ၁၂ ရက်။

အမှုမှာ ဦးဘင်သစ်က FM Industrial & Construction Co., Ltd အပေါ် သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ ၅၄ အရ ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်မှုအတွက် ထာဝရတားဝရမ်း ထုတ်ဆင့်ပေးစေလိုမှုနှင့် နစ်နာကြေးငွေ ကျပ်သိန်း ၂၀၀,၀၀၀,၀၀၀/- ရလိုမှု စွဲဆိုသည့်အမှုဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားလိုသည် ENJOY ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ အလှကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရန်အတွက် မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၂၈၅/၂၀၀၃၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ် ဖြန့်ဖြူ ရောင်းချရန်အတွက် မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၂၈၆/၂၀၀၃ တို့ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် (၂၅.၂.၂၀၀၃)နေ့၌ မှတ်ပုံတင်ထားပြီး အလှကုန်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့အား ENJOY ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ထိုသို့ ထုတ်လုပ် ဖြန့်ဖြူး ရောင်းချနေကြောင်းကို ၂၀၀၃ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့ကပင် သတင်းစာတွင် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ တရားလို၏ ENJOY ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ထုတ်လုပ် ဖြန့်ဖြူး ရောင်းချသည့် ကုန်ပစ္စည်းဖြစ်သော Vitamin E oil ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံဈေးကွက်များတွင် လူကြိုက်များပြီး ဝယ်ယူသုံးစွဲသူ များပြား တိုးတက်ခဲ့၍ ထုတ်လုပ်မှုများ၊ ရောင်းအားများ တိုးတက်မြင့်မားလာပြီး အကျိုးအမြတ်များ တိုးတက်ရရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဇွန်လ ပထမပတ်တွင် တရားလို၏ အရောင်းတာဝန်ခံများသည် တရားလိုထုတ်လုပ်သော ကုန်ပစ္စည်းများကို ဈေးကွက်တွင် ဖြန့်ဖြူး ရောင်းချရာ၌ တရားလို၏ကုန်ပစ္စည်းများ ဖြန့်ဖြူးပေးနေသော ဆိုင်များတွင် တရားလို၏ Vitamin E oil ကုန်ပစ္စည်းများ ရောင်းချသောနေရာများ၌ တရားလို၏ Vitamin E oil ဟု ထင်မှတ်ရလောက်

အောင်၊ ဆင်တူယိုးမှားဖြစ်နေအောင် GOAL ဟူသော စာလုံးမှလွဲ၍ အရောင်တူ၊ အဆင်တူ၊ စာလုံးတူများဖြင့် တရားလို၏ ENJOY ကုန်ပစ္စည်းနှင့် ပုံးဘူး၊ အရွယ်တူ၊ သဏ္ဌာန်တူ အိတ်ခွံ၊ ဘူးခွံများဖြင့် GOAL ဟူသော Vitamin E oil အမျိုးတူ ကုန်ပစ္စည်းများကို တွေ့ရှိရသဖြင့် မေးမြန်းစုံစမ်းရာ အဆိုပါပစ္စည်းများကို တရားပြိုင်ကုမ္ပဏီက ရောင်းချ ဖြန့်ဖြူးပေးရန်အတွက် လာရောက်တင်ထားကြောင်း၊ ဈေးနှုန်းမှာ တရားလို ကုန်ပစ္စည်းထက် သက်သာကြောင်း၊ ကော်မရှင်နှင့်အခွင့်အရေးများကို တရားလို ဖြန့်ဖြူးရောင်းချခြင်းထက် ပိုမို ပေးထားကြောင်း သိရှိခဲ့ရကြောင်း၊ တရားပြိုင်၏ကုန်ပစ္စည်းများတွင် တရားလို၏ ENJOY ဟူသော အမည် နေရာ၌ GOAL ဟူသော စကားလုံး ပါရှိသည်မှလွဲ၍ တရားလို၏ကုန်ပစ္စည်းများ ထုပ်ပိုး ထည့်သွင်း ဖြန့်ဖြူး ရောင်းချသည့် ထုပ်ပိုးပစ္စည်းများတွင်ပါရှိသော စာတမ်းအမှတ်အသား၊ အရောင်အဆင်း၊ အပြင်ပုံစံ အနေ အထားများအတိုင်း အားလုံးကို တရားလိုပစ္စည်းနှင့်ထပ်တူပြုလုပ်ပြီး တရားလိုပစ္စည်းနှင့် ထင်ယောင်ထင်မှား ဖြစ်စေအောင်ပြုလုပ်ပြီး တရားပြိုင်သည် ၎င်း၏ကုန်ပစ္စည်းများကို ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေကြောင်း၊ ထိုသို့ တရားပြိုင်က ဆင်တူ ဖြန့်ဖြူး ရောင်းချသဖြင့် အများပြည်သူတို့မှ ထင်ယောင်ထင်မှားဖြစ်ပြီး မှားယွင်း ဝယ်ယူလျက်ရှိ၍ တရားလိုများ၏ကုန်ပစ္စည်း ဖြန့်ဖြူး ရောင်းချမှုမှာ တဖြည်းဖြည်း ကျဆင်းလာသဖြင့် တရားလို သည် နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ရကြောင်း၊ တရားလိုသည် တရားပြိုင်ထံသို့ (၂၅.၆.၂၀၁၄)ရက်နေ့တွင် တရားလို၏ ရှေ့နေမှတဆင့် အကြောင်းကြားစာ ပေးပို့ပြီး တရားလို၏ကုန်ပစ္စည်းနှင့် ဆင်တူယိုးမှား တုပ ကူးယူထားသော GOAL အမည်ပါ Vitamin E oil ကုန်ပစ္စည်းများကို ထုတ်လုပ် ဖြန့်ဖြူး ရောင်းချခြင်းများကို မပြုလုပ်ရန် အဆိုပါကုန်ပစ္စည်းများကို(၉.၇.၂၀၁၄)ရက်နေ့ နောက်ဆုံးထား၍ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူပေးရန် တောင်းဆိုခဲ့ကြောင်း၊ ထို့ပြင် (၂၈.၆.၂၀၁၄)နေ့ထုတ် ကြေးမုံသတင်းစာနှင့် (၂.၇.၂၀၁၄)နေ့ထုတ် မြန်မာ့အလင်း သတင်းစာတို့မှ မူပိုင်အဖြစ် မှတ်ပုံတင်ထားသော ENJOY ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေ သော Vitamin E oil ကုန်ပစ္စည်းများနှင့် ထင်ယောင်ထင်မှား ဖြစ်စေရန် ထုပ်ပိုးပုံစံကို ဆင်တူယိုးမှား တုပ ကူးယူ ထုတ်လုပ် ဖြန့်ဖြူး ရောင်းချနေသော GOAL အမည်ပါ Vitamin E oil ကုန်ပစ္စည်းများကို ထုတ်လုပ် ဖြန့်ဖြူး ရောင်းချခြင်း မပြုလုပ်ရန် အသိပေးတားမြစ်ခြင်းနှင့် အများသိစေရန် ကြော်ငြာခဲ့ပြီးဖြစ်ကြောင်း၊ တရားပြိုင်သည် တရားလိုတောင်းဆိုသည့်အတိုင်း လိုက်နာဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် (၃.၇.၂၀၁၄)နေ့စွဲ ဖြင့် တရားလို၏(၂၅.၆.၂၀၁၄)နေ့စွဲပါ အကြောင်းကြားစာအား ပြန်ကြားစာ ပြန်လည်ပေးပို့ခဲ့ကြောင်း၊ ထိုပြန်ကြား စာတွင် ENJOY ကုန်အမှတ်တံဆိပ်နှင့် GOAL ကုန်အမှတ်တံဆိပ်တို့မှာ အမည်အားဖြင့်လည်းကောင်း၊ စာလုံး အားဖြင့်လည်းကောင်း မတူ ကွဲပြားပါလျက် ဆင်တူယိုးမှားဖြစ်ကြောင်း ပြောဆိုလာ၍ သဘောမတူ ကန့်ကွက် ကြောင်း၊ (၂၈.၆.၂၀၁၄)နေ့စွဲပါ ကြေးမုံသတင်းစာတွင် ENJOY ကုန်အမှတ်တံဆိပ်ကို ထင်ယောင်ထင်မှား တုပ ထားသယောင် အများသိစေရန် ကြေညာခြင်းသည် GOAL ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် GOAL ကုန်အမှတ် တံဆိပ် အမှတ်အသား ရရှိထားသော အမည်ကောင်းများကို များစွာထိခိုက်စေသဖြင့် အကြောင်းကြားစာ ရရှိသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပြန်လည်ဖြေရှင်း ဆောင်ရွက်ပေးရန် အသိပေး အကြောင်းကြားသည်ဟု ပါရှိကြောင်း၊ သို့ဖြစ်၍ တရားလို၏ကုန်ပစ္စည်း ထုပ်ပိုးပုံစံနှင့် ဆင်တူယိုးမှား ထုပ်ပိုးပုံစံကို တုပ ပြုလုပ်ထားသော အထက်ဖော်ပြပါ ကုန်ပစ္စည်းများကို ဆက်လက် ဖြန့်ဖြူး ရောင်းချခြင်းမပြုရန် တရားပြိုင်အား တားမြစ်စေသည့် တားဝရမ်းကို ထုတ်ဆင့်ပေးပါရန် နစ်နာကြေး လျော်ကြေးငွေ ကျပ်သိန်း ၂၀၀၀ ကို တရားပြိုင်က တရားလိုသို့ ပေးစေသည့် စီရင်ချက်နှင့်ဒီကရီကို စရိတ်နှင့်တကွ ချမှတ်ပေးပါရန် အဆိုပြု ဖော်ပြသည်။

တရားပြိုင်က တရားပြိုင်ကုမ္ပဏီသည် GOAL တံဆိပ် အမှတ်အသားဖြင့် Vitamin E oil ကို မိမိ၏ ကိုယ်ပိုင်စိတ်ကူးဖြင့် ထုတ်လုပ် ရောင်းချခဲ့ခြင်းဖြစ်ပြီး တရားလို၏ ENJOY တံဆိပ်ကို တုပ ထုတ်လုပ် ရောင်းချခြင်း မရှိကြောင်း၊ မိမိ၏ကိုယ်ပိုင်တံဆိပ် ကိုယ်ပိုင်တီထွင်ထုတ်လုပ် ရောင်းချခြင်းသာဖြစ်သဖြင့် မိမိရောင်းချနိုင်သည့် ဈေးနှုန်းဖြင့် ရောင်းချခြင်းသာဖြစ်ကြောင်း၊တရားပြိုင်၏ GOAL တံဆိပ်နှင့် တရားလို၏ ENJOY တံဆိပ်တို့သည် စာလုံးချင်း၊ အဓိပ္ပာယ်ချင်း၊ တံဆိပ်တွင်ပါရှိသော ရုပ်ပုံချင်းလည်း မတူကြောင်း၊ လုံးဝကွဲပြားသော ပုံစံမျိုးတွင်ရှိကြောင်း၊ ထို့ကြောင့် တရားပြိုင်သည် တရားလို၏ ENJOY တံဆိပ်နှင့် တပ်တူပြုလုပ်ပြီး ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သည်ဆိုခြင်းမှာ လုံးဝမှန်ကန်ခြင်းမရှိကြောင်း၊ တရားပြိုင်ကုမ္ပဏီသည် GOAL တံဆိပ် အမှတ်အသားဖြင့် Vitamin E oil ကို ENJOY တံဆိပ်နှင့် တုပ ရောင်းချခြင်းမဟုတ်၍ မည်သူမှ ထင်ယောင်ထင်မှားဖြစ်ပြီး တရားပြိုင်၏တံဆိပ်ပါ GOAL Vitamin E oil ကို ဝယ်ယူခဲ့ခြင်းမရှိခဲ့ကြောင်း၊ GOAL တံဆိပ် Vitamin E oil ကို နှစ်သက်သောကြောင့် ဝယ်ယူအားပေးသူ များလာခြင်းဖြစ်ကြောင်း၊ တရားလို၏ ကုန်ပစ္စည်း ဖြန့်ဖြူး ရောင်းချမှု ကျဆင်းခြင်းမှာ တရားပြိုင်၏ကုန်ပစ္စည်းရောင်းရမှုနှင့် သက်ဆိုင်ခြင်း မရှိကြောင်း၊ တရားလို၏ရှေ့နေမှတဆင့် (၂၅.၆.၂၀၁၄)ရက်စွဲပါစာဖြင့် အကြောင်းကြားစာ ပေးပို့ခြင်း၊ (၂၈.၆.၂၀၁၄)နေ့ထုတ် ကြေးမုံသတင်းစာနှင့် (၂.၇.၂၀၁၄)နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာသည် ဆိုသောကိစ္စမှာ အကြောင်းကြားစာတွင်ပါသောအချက်များ၊ သတင်းစာကြော်ငြာတွင်ပါစေသော အကြောင်း အရာတို့သည် မှန်ကန်ခြင်းမရှိသဖြင့် ငြင်းဆိုကြောင်း၊ တရားလိုသည် မမှန်မကန် စွပ်စွဲပြောဆိုလာ၍ (၃.၇.၂၀၁၄) ရက်စွဲပါ ပြန်ကြားစာကို ပြန်ကြားခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် တရားလို၏ကုန်အမှတ်တံဆိပ်အား တုပခြင်း မရှိသဖြင့် တရားစွဲဆိုရန်အကြောင်း မရှိကြောင်း၊ အထူးချေပလိုသည်မှာ တရားပြိုင်ကုမ္ပဏီသည် GOAL တံဆိပ် အမှတ်အသားဖြင့် Vitamin E oil ကို မြန်မာပြည်တွင် ဖြန့်ဖြူးရောင်းချရန်အတွက် (၂၈.၄.၂၀၁၄)ရက်နေ့က ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၅၄၃၅/၂၀၁၄ ဖြင့် စာချုပ် မှတ်ပုံတင် သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဒါရိုက်တာ ဦးလှဝင်း(ခ)လင်အင်းယားသည် FM Industrial & Construction Co., Ltd ကိုယ်စား GOAL တံဆိပ် ET oils with vitamin B5 & Squalane Hair Care Capsule ကို မြန်မာပြည်တွင် ဖြန့်ဖြူးရောင်းချရန် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၁၂၈၀/၂၀၀၆ ဖြင့် တရားဝင် မှတ်ပုံတင်သွင်းခဲ့ကြောင်း၊ သို့ဖြစ်၍ တရားပြိုင်သည် တရားလို၏ကုန်အမှတ်တံဆိပ်ကို တုပ ပြုလုပ်ခြင်းမရှိသည့် အတွက် တရားလို၏အဆိုလွှာကို ပလပ်ပေးပါရန် ချေပသည်။

အဆို၊ အချေတို့အရ အောက်ပါငြင်းချက်များ ထုတ်ခဲ့သည်-

၁။ တရားပြိုင်သည် Vitamin E oil ကုန်ပစ္စည်းများကို တရားလို၏ ကုန်အမှတ်အသားတံဆိပ်နှင့် ထင်ယောင်ထင်မှားဖြစ်စေအောင် တုပပြုလုပ် ရောင်းချသည် ဆိုသည်မှာ မှန်သလား။ မှန်ကန်ပါက ထိုသို့ တံဆိပ် အမှတ်အသားကို အသုံးမပြုရန် တရားလိုက ထာဝရ တားဝရမ်း ရထိုက်ခွင့်ရှိသည်ဆိုသည်မှာ မှန်ပါသလား။

၂။ တရားပြိုင်က တရားလို၏ကုန်တံဆိပ် အမှတ်အသားကို ထိပါး နှောင့်ယှက်သည့်အတွက် တရားလိုသည် နစ်နာကြေးငွေ ကျပ်သိန်း ၂၀၀၀ ရထိုက်သည်ဆိုသည်မှာ မှန်ပါသလား။

၃။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။

ငြင်းချက်(၁)

တရားလို ဦးဘင်သစ်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်ဇာထွန်း)က လိုပြသက်သေ ဒေါ်စန်းစန်းမော် (လိုပြ-၁)၊ ဦးရဲဝင်းမောင်(လိုပြ-၂)၊ ဒေါ်ခင်မာအောင်(လိုပြ-၃)၊ ဦးအောင်ကျော်မိုး(လိုပြ-၄)၊ ဦးသန်းဦး(လိုပြ-၅)၊ ဦးထင်လင်းနိုင်(လိုပြ-၆)၊ ဦးထွန်းတင်(လိုပြ-၇)၊ ဦးအောင်နိုင်ဦး(လိုပြ-၈)၊ ဒေါ်ဝေဝေလင်း(လိုပြ-၉)နှင့် ဒေါ်မိမိစု(လိုပြ-၁၀)တို့အား ပြသ၍ သက်သေခံ(က)မှ(မ)ထိ တင်သွင်းခဲ့သည်။

တရားပြိုင် FM Industrial & Construction Co., Ltd မှ (၎င်း၏ကိုယ်စား ဒါရိုက်တာ ဦးလှဝင်း)မှ ဒေါ်နှင်းနှင်းခင်(ပြိုင်ပြ-၁)၊ ဒေါ်ချိုချိုအောင်(ပြိုင်ပြ-၂)၊ ဒေါ်နီနီမိုး(ပြိုင်ပြ-၃)၊ ဦးဟိန်းထက်အောင်(ပြိုင်ပြ-၄) တို့အား ပြသ၍ သက်သေခံ(၁)မှ (၉)အထိ တင်သွင်းခဲ့သည်။

နှစ်ဖက်သက်သေခံချက်များကို သုံးသပ်ရလျှင် တရားလိုကိုယ်စား အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်ဇာထွန်းက ENJOY ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်း မူပိုင်အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့်နေ့မှာ (၂၅.၂.၂၀၀၃) နေ့ဖြစ်ကြောင်း၊ ယင်း ENJOY ကုန်အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်း အမျိုးမျိုး ထုတ်လုပ် ရောင်းချရန် မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၂၈၅/၂၀၀၃ ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် သက်သေခံ(ခ)အရ မှတ်ပုံတင်ခဲ့ပြီးနောက် ၂၀၀၄/၂၀၀၅ ခုနှစ်တွင် ENJOY ရှမ်ပူကို စတင်ထုတ်လုပ် ရောင်းချခဲ့ရာ ဈေးကွက်တွင် အသိအမှတ်ပြု လက်ခံ၍ ENJOY Hair Creem နှင့် ENJOY Hair Jel တို့ကို လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် မည်သူမျှ ထုတ်လုပ် ဖြန့်ဖြူး ရောင်းချခြင်းမရှိသေးသည့် လူသိများထင်ရှားသည့် Vitamin E၊ စကားလုံးကို Oil စာလုံးနှင့်ပေါင်းကာ Vitamin E oil ဟု တီထွင်အမည်ပေးပြီး ယင်း Oil စကားလုံးနှင့်ပေါင်းစပ်၍ Vitamin E oil ဟု ENJOY ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ထုတ်လုပ် ရောင်းချခဲ့ကြောင်း၊ ယင်းသို့ ထုတ်လုပ်ရောင်းချရာတွင် ကုန်ပစ္စည်းထည့်သွင်း ထုပ်ပိုးသည့် အိတ်ခွံ၊ ဒီဇိုင်းကို ပန်းချီဒီဇိုင်းပညာရှင် ဦးအောင်ကျော်မိုး(လိုပြ-၄)ဖြင့် တရားလိုမှ စိတ်ကူးပုံဖော် ရေးဆွဲစေခဲ့ပြီး လိမ္မော်၊ အစိမ်း၊ အနက် အရောင် ၃ ရောင်ခွဲ၍ ရောင်းချခဲ့ရာ လူကြိုက်များ အောင်မြင်လာခဲ့ကြောင်း၊ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ ရောင်းချခဲ့ရာ အပြင်ထုပ်ပိုးပစ္စည်းဖြစ်သော စက္ကူဂျပ်ပုံးများကိုလည်း တရားလိုစိတ်ကူးဖြင့် စက္ကူဂျပ်စက်ရုံသို့ ပုံဖော် ရေးဆွဲစေရာ သက်သေခံ(ဃ)ဖြစ်ကြောင်း၊ စက္ကူဂျပ်ပုံးမှာ သက်သေခံ(ဃ-၁)ဖြစ်ကြောင်း၊ ဆိုင်များတွင် ချိတ်ဆွဲ ရောင်းချရန် ENJOY Vitamin E oil ပုလင်း ကာတွန်းပုံစံများမှာ သက်သေခံ(င)ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ၉ လ ပိုင်းတွင် ENJOY ကုန်အမှတ်တံဆိပ်ဖြင့် Vitamin E oil ဆံပင်ဖြောင့်ရန် ပန်းရောင်နှင့် ခရမ်းရောင် ဒီဇိုင်းကို ရရှိခဲ့၍ ၂၀၁၂ ခုနှစ် ၁၁ လပိုင်းမှစတင်၍ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ဒီဇိုင်းပညာရှင် ဦးအောင်ကျော်မိုးမှ တရားလို၏စိတ်ကူးကို ၂၀၁၂ ခုနှစ် ၆ လပိုင်းမှ ၉ လပိုင်းအထိ အကြိမ်ကြိမ် အဆင့်ဆင့် ပုံဖော် ရေးဆွဲပေးခဲ့ကြောင်း၊ ၎င်းမှာ သက်သေခံ(စ)ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်ကို ဦးအောင်ကျော်မိုး(လိုပြ-၄)က ထောက်ခံထွက်ဆိုခဲ့သည်။

တရားပြိုင်ကုမ္ပဏီအတွက် မန်နေဂျင်းဒါရိုက်တာ ဦးလှဝင်းက ၂၀၀၆ ခုနှစ်ကတည်းက ခေါင်းလိမ်းဆီ နှင့် အလှကုန်ပစ္စည်း အမျိုးမျိုးတို့ကို ထုတ်လုပ် ဖြန့်ဖြူး ရောင်းချခဲ့ရာ GOAL ET Oil ဆိုသည့်အမည်ဖြင့် သက်သေခံ(၇)စာချုပ်အရ ကုန်အမှတ်တံဆိပ် အမှတ်အသားအား (၂၀.၂.၂၀၀၆)ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၁၂၈၀/၂၀၀၆ ဖြင့် မှတ်ပုံတင်ခဲ့ကြောင်း၊ ခေါင်းလိမ်းဆီ ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် Vitamin B5 ခေါ် Vitamin E အမျိုးအစား ရော်ဘာဘောလုံးပုံစံ အလုံးလေးများကို ၁ ပါကင်လျှင် အလုံး ၃၀ ပါရှိသည့်

ခေါင်းလိမ်းဆီအား စတင်ဖြန့်ဖြူးရောင်းချရာမှ အရောင်းရသွက်ပြီး နာမည်ရလာကြောင်း၊ နောက်ပိုင်း စီးပွားရေး ဈေးကွက်အရ ပြောင်းလဲထုတ်လုပ်ရာ ၂၀၁၄ ခုနှစ်တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၅၄၃၅/၂၀၁၄ သက်သေခံ(၈)ဖြင့် မူပိုင် မှတ်ပုံတင်ခဲ့ရာ ယခု တရားပြိုင်ထုပ်ပိုးရောင်းချနေသည့်ပုံစံအတိုင်း အိတ်ခွံပုံစံကို ဖော်ပြ မှတ်တမ်းတင်ခဲ့ခြင်းပြီးမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ် ENJOY အမှတ်အသားကို တုပ ပြုလုပ်ခဲ့ခြင်း မရှိကြောင်း ထွက်ဆိုထားသည်။

တရားလိုကုမ္ပဏီမှထုတ်လုပ်သော ENJOY Vitamin E oil ကုန်ပစ္စည်းကို (သက်သေခံ-၃)အဖြစ် တရားလိုမှ တင်ပြထားပြီး တရားပြိုင်ကုမ္ပဏီမှ ထုတ်လုပ်သော GOAL Vitamin E oil ကုန်ပစ္စည်းကို တရားပြိုင်မှ(သက်သေခံ – ၃–၁)အဖြစ် တင်ပြထားသည်။

တရားလိုကုမ္ပဏီမှထုတ်လုပ်သည့် ENJOY Vitamin E oil ကုန်ပစ္စည်းနှင့် တရားပြိုင်ကုမ္ပဏီမှ ထုတ်လုပ်သော GOAL Vitamin E oil ကုန်ပစ္စည်း နှစ်ခုကို ယှဉ်တွဲကြည့်ရှု၍ စိစစ်ရလျှင် အမျိုးတူကုန်ပစ္စည်း နှစ်ခု ထည့်သွင်း ဖြန့်ဖြူး ရောင်းချသည့် ပလတ်စတစ်အိတ်သည် အရွယ်အစားတူပြီး အရောင်မှာ ပန်းရောင်နှင့် ခရမ်းရောင်ဖြစ်သည်။ ENJOY ၌ ဘောလုံးတံဆိပ်ပါသောဘက်တွင် ဘောလုံးတစ်လုံးပါပြီး GOAL တွင်လည်း ဘောလုံးကိုသာ အသုံးပြုထား၍ ဘောလုံးကို နှစ်လုံးအသုံးပြုထားသည်ကို တွေ့ရှိရသည်။ ထို့ပြင် ဘောလုံး၏ အပေါ်ပိုင်းတွင် အင်္ဂလိပ်စာလုံး ENJOY ဆိုသော စကားလုံးကို စောင်း၍ ဖော်ပြထား၍ ယင်းစာလုံးအပေါ်၌ ဂျပန်စာလုံးများ ရေးသားထားသကဲ့သို့ GOAL ဆိုသောစကားလုံးကိုလည်း ဘောလုံးနှစ်လုံးအထက်တွင် စောင်း၍ ဖော်ပြထားပြီး ယင်းအပေါ်၌ ဂျပန်စကားလုံးကို ရေးသားထားကြောင်း၊ ဘောလုံးများ၏အောက်တွင် Vitamin E oil ဆိုသော စာတမ်း၊ ယင်းအောက်တွင် uv shield စာတမ်း၊ ယင်းအောက်တွင် FOR ~~STARIGHTEN~~ STRAIGHTEN HAIR ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ တစ်ဖက်ခြမ်း မိန်းကလေးဆံကေသာချထားသော ဘက်တွင်လည်း အသုံးပြု ထားသည့်ပုံမှာ မိန်းကလေးဆံကေသာ ဖြန့်ချထားသည့်ပုံဖြစ်ပြီး ENJOY မှာ ဘယ်ဘက်သို့ မျက်နှာလှည့်ထားပြီး GOAL မှာ ညာဘက်သို့ မျက်နှာလှည့်ထားသည့် ပုံသဏ္ဍာန်ကို အသုံးပြုထား၍ ဘယ်ညာ မျက်နှာလှည့်ထားသည့် အနေအထားသာ ကွာခြားကြောင်း တွေ့ရှိရသည်။ ထို့ပြင် အိတ်၏ညာဘက်ထောင့်တွင် ဘားကုတ်နေရာယူထားပြီး အမျိုးသမီးဦးခေါင်းအထက်ပိုင်းနေရာတွင် ကပ်လျက် Apply evenly on dry or wet hair, FOR STRAIGHTEN HAIR, Vitamin E oil စာတမ်းနှင့် ယင်းအပေါ်တွင် ENJOY ဆိုသော စကားလုံး၊ ၎င်းအပေါ်တွင် ဂျပန်စာလုံးအဆင့်ဆင့် ရေးသားထားသကဲ့သို့ GOAL ကုန်ပစ္စည်းတွင်လည်း ENJOY ဟူသော စာလုံးနေရာတွင် GOAL စာလုံးအား ဖော်ပြထားသည်မှလွဲ၍ တံဆိပ်အောက်တွင် လိုင်း ၂ လိုင်း ဖော်ပြသည်မှာ လည်း တူညီပြီး ENJOY ကုန်ပစ္စည်းတွင် ဖော်ပြထားသော စာတမ်းအသီးသီးကို တရားပြိုင်ကုမ္ပဏီက ENJOY အတိုင်း ဖော်ပြသုံးစွဲထားသည်ကို တွေ့ရှိရသဖြင့် အရွယ်တူ၊ အရောင်တူ၊ အမျိုးတူ ကုန်ပစ္စည်းအား ဝယ်ယူ သုံးစွဲသူများ မှားယွင်းရွေးချယ် အသုံးပြု နိုင်ကြောင်း သုံးသပ်ရရှိသည်။

၎င်းပြင် ကုန်ပစ္စည်းများ ချိတ်ဆွဲရောင်းချရန် ကတ်ပြားများကိုလည်း ENJOY တွင် ဆံကေသာ အားဖြည့်သော Vitamin E oil ဟူသော တရားလို၏ကိုယ်ပိုင်ဉာဏ်ဖြင့် ပုံဖော်ထားသည့် အင်္ဂလိပ်–မြန်မာစာတမ်း အတိုင်း GOAL ၏ချိတ်ဆွဲကတ်ပြားတွင်လည်း ဖော်ပြ အသုံးပြုထားသည်ကို တွေ့ရှိရသည်။ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ထည့်သွင်း အသုံးပြုသည့် စက္ကူဂျပ်ပုံးများတွင် ENJOY အသုံးပြုသည့် ဂျပ်ပုံးအတိုင်း ENJOY နှင့် GOAL စကားလုံးသာ ပြောင်းလဲ အသုံးပြုထားကြောင်း စကားလုံးများ၊ ပုံစံများ၊ အညွှန်းများ

စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

စသည့် ဂျပ်ပုံးပေါ်တွင် ဖော်ပြထားသော ဒီဇိုင်းအပြင်အဆင်များအရ တွေ့ရှိရသည်။ ရုံးခေါ်သက်သေ ဦးကျော်စွာထက် (Grand Harvest)စက္ကူဂျပ်ပုံးကုမ္ပဏီ၏မန်နေဂျာကလည်း FM Industrial & Construction ကုမ္ပဏီမှ ENJOY Vitamin E oil ထည့်သည့် စက္ကူဂျပ်ပုံးကိုယူဆောင်လာ၍ ၎င်းတို့ကုမ္ပဏီသို့ လာရောက်အပ်နှံကြောင်း ထွက်ဆိုထားသည်။

သို့ဖြစ်၍ ENJOY Vitamin E oil ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရာတွင် အသုံးပြုသော ထည့်သွင်းသည့် အိတ်(ဘူး)ခွံ၊ ဆွဲချိတ်ကတ်နှင့် ဂျပ်ပုံးတို့သည် အရောင်တူ၊ အရွယ်တူ၊ ဒီဇိုင်းတူပြီး ENJOY နှင့် GOAL ဟူသည့် စကားလုံးမှလွဲ၍ ကျန်စကားရပ်များ တူညီကြောင်းကို အမြင်အားဖြင့်လည်းကောင်း၊ သက်သေခံချက်များအရလည်းကောင်း တွေ့ရှိရသည်။

တရားလိုသည် ယင်းကုန်ပစ္စည်း ထည့်သွင်း ရောင်းချသည့် ပလတ်စတစ်အိတ်ခွံကို မြစ်ရွှေဝါကုမ္ပဏီလီမိတက်တွင် ၂၀၀၆ ခုနှစ်ခန့်တွင် Vitamin E စာလုံးနှင့် oil ဆိုသော အင်္ဂလိပ်စာလုံးနှစ်လုံးကို ၎င်း၏ကိုယ်ပိုင်ဉာဏ်စိတ်ကူးဖြင့် ပေါင်းစပ်ပြီး ENJOY ခေါင်းလိမ်းဆီ ထည့်သွင်း ဖြန့်ဖြူး ရောင်းချရန် အိတ်များကို ရိုက်နှိပ်ပေးရန်အတွက် မြစ်ရွှေဝါကုမ္ပဏီလီမိတက်တွင် လာရောက်အပ်နှံ၍ ပန်းရောင်နှင့် ခရမ်းရောင်အိတ်များကို ရိုက်နှိပ်ပေးခဲ့ကြောင်း မြစ်ရွှေဝါကုမ္ပဏီလီမိတက်မှ လက်ထောက် အထွေထွေမန်နေဂျာ ဦးထွန်းတင်(လိုပြ-၇)က ထောက်ခံထွက်ဆိုထားပြီး အိတ်ပေါ်ရှိ ဒီဇိုင်းသည် တရားလို ဦးဘင်သစ်မှ ၎င်း၏စိတ်ကူးအရ ပန်းချီဒီဇိုင်းပညာရှင် ဦးအောင်ကျော်မိုး(လိုပြ-၄)နှင့်တိုင်ပင်ပြီး အဆင့်ဆင့် အကြိမ်ကြိမ် ပုံဖော် ရေးဆွဲပြီး ထုတ်လုပ် အသုံးပြုခဲ့သည့် ကိုယ့်ပိုင်ဒီဇိုင်းဖြစ်ကြောင်းကို သက်သေခံ(စ)ဖြင့် တင်ပြ၍ ဒီဇိုင်းပညာရှင် ဦးအောင်ကျော်မိုး(လိုပြ-၄)ကလည်း အလားတူ ထွက်ဆိုချက်ရှိသည်။

တရားပြိုင်သည် ၎င်းတို့၏ကုန်ပစ္စည်းတွင် အသုံးပြုသော ဒီဇိုင်းပုံစံများဖြစ်ကြောင်း၊ ၎င်းတို့ကိုယ်တိုင်တီထွင်ဖန်တီး ရေးဆွဲ ထုတ်လုပ် အသုံးပြုခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြသနိုင်ခြင်း မရှိပေ။

တရားလိုကုမ္ပဏီမှ ဦးစွာ ၂၀၀၆ ခုနှစ်ကတည်းက ENJOY အမည်ဖြင့် Vitamin E oil ခေါင်းလိမ်းဆီကို စတင်ထုတ်လုပ်ခဲ့ပြီး အများပြည်သူစီးနင်းသည့် ယာဉ်လိုင်းများတွင်လည်းကောင်း၊ မြဝတီနှင့် မြန်မာ့ရုပ်မြင်သံကြား ရုပ်သံလိုင်းများတွင်လည်းကောင်း ကြော်ငြာခဲ့ပြီး ဈေးကွက်အတွင်း စတင် ဖြန့်ဖြူး ရောင်းချခဲ့ခြင်းမှာ ပေါ်ပေါက်သည်။

တရားပြိုင်ကုမ္ပဏီမှ ၂၀၀၆ ခုနှစ်တွင် FM Industrial Gold အမည်ဖြင့် စတင်၍ အလှကုန်ပစ္စည်းများ ထုတ်လုပ်ခဲ့သည်မှာ မှန်သော်လည်း Vitamin E oil ခေါင်းလိမ်းဆီကိုမူ ၂၀၁၄ ခုနှစ်တွင် သက်သေခံ(၈) မှတ်ပုံတင်စာချုပ်ဖြင့် မှတ်ပုံတင်၍ GOAL Vitamin E oil ထုတ်လုပ် ရောင်းချခဲ့ခြင်းဖြစ်၍ တရားလိုကုမ္ပဏီထက် Vitamin E oil ကို နောက်ကျမှ ထုတ်လုပ် ဖြန့်ဖြူးခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၂၀၀၆ ခုနှစ်တွင် သက်သေခံ(၇)အရ တရားပြိုင်တို့ ထုတ်လုပ်ရန် မှတ်ပုံတင်ခဲ့သည့် ကုန်ပစ္စည်းမှာ Vitamin E oil ကုန်ပစ္စည်း မဟုတ်ဘဲ GOAL ET oil ကုန်ပစ္စည်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်သော ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း၊ အရောင်းအဝယ်ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း ဖော်ပြရန် အသုံးပြုသော အမှတ်အသားကို ကုန်အမှတ်တံဆိပ်ဟု ခေါ်သည်။ ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင်ရောင်းချသော ကုန်စည်များကို အခြားအလားတူကုန်စည်များနှင့် ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောပိုင်ရှင်နှင့် ဆက်စပ်မိစေရန်လည်းကောင်း၊

မိတ္တူမှန်ကန်ကြောင်း ...
စစ်ဆေးပြီးမှန်ကန်ကြောင်း ...
တာဝန်ယူသည်။

ထိုရောင်းသော ကုန်စည်များအတွက် အသုံးပြုသည့် သို့မဟုတ် ကုန်စည်များအပေါ်တွင် ကပ်ထားသော သင်္ကေတ အထိမ်းအမှတ်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်က ပုံအမှတ်(device)၊ အမှတ်တံဆိပ်(brand)၊ ခေါင်းစီး(heading) အစရှိသည်များ ၎င်းတို့အား စုပေါင်းထားချက်များ ပါဝင်သည်။ အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ ပုံသဏ္ဍာန် ထပ်တူထပ်မျှ တူရန်မလို၊ မှားလောက်အောင် ဆင်တူယိုးမှားဖြစ်လျှင် လုံလောက် အကျုံးဝင်သည်ဟု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းထားသည်။ ဦးတင်လတ်(ခ)ဦးစိုင်းလတ် ပါ ၂ နှင့် ဦးကျော်ငြိမ်း အမှု[1] ကိုကြည့်ပါ။

ယခုအမှုတွင် တရားလို၏ ENJOY အမည်ဖြင့် ထုတ်လုပ်သည့် ကုန်စည်၊ ကုန်အမှတ်တံဆိပ်နှင့် ထုတ်လုပ်သည့် ကုန်စည်များမှာ ယင်းကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ကုန်စည်များဖြစ်ကြောင်း ညွှန်ပြသည်။

ထို့ကြောင့် တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီမှထုတ်လုပ်သည့် Vitamin E oil ခေါင်းလိမ်းဆီ ဖြစ်သည့် ကုန်စည်အပေါ်တွင် သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေရန် ENJOY မှထုတ်လုပ်သည့် Vitamin E oil ခေါင်းလိမ်းဆီကို GOAL Vitamin E oil အမည်ဖြင့် အထုပ်၊ ပုံသဏ္ဍာန်၊ အရောင်အသွေး၊ ချိတ်ဆွဲကက်ပြား များ၊ ဂျပ်ပုံးများကို တုပပြုလုပ်ခဲ့သည်ဟု သုံးသပ်ရရှိသည်။

မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်မရှိပေ၊ သို့ရာတွင် အသုံးပြုခြင်းအားဖြင့် တံဆိပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် သို့မဟုတ် အခွင့်အရေး ရရှိနိုင်သည်။ ဦးကျော်နှင့် ဦးဘအေး အမှု[2] ကိုကြည့်ပါ။

တရားလိုသည် ENJOY ကုန်အမှတ်တံဆိပ်ကို ၂၀၀၆ ခုနှစ်မှစ၍ အသုံးပြုခဲ့သဖြင့် ထိုကုန်အမှတ်တံဆိပ် နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ကို ၂၀၀၆ ခုနှစ်မှစ၍ ရရှိသည်ဟု ဆိုနိုင်သည်။ ယင်းကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော ENJOY Vitamin E oil အမည်ရှိ ခေါင်းလိမ်းဆီကို တုပ၍ တရားပြိုင်သည် တရားလိုအသုံးပြုသည့် ဂျပ်ဘူး အပါအဝင် ခေါင်းလိမ်းဆီထည့်သည့်အထုပ်၊ အရောင်အသွေး၊ ပုံစံတို့ကိုတုပ၍ ဆင်တူယိုးမှား ပြုလုပ် ရောင်းချ ကြောင်း ပေါ်ပေါက်သည်ဖြစ်၍ တရားလိုတွင် နစ်နာဆုံးရှုံးမှုဖြစ်မည်မှာ မြင်သာသည့်အချက်ဖြစ်ပေသည်။

သို့အတွက် တရားလိုသည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ အရ ထာဝရ တားဝရမ်း ရထိုက် သည်။

သို့ဖြစ်၍ ငြင်းချက်(၁)နှင့်စပ်လျဉ်း၍ တရားပြိုင်သည် Vitamin E oil ကုန်ပစ္စည်းများကို တရားလို၏ ကုန်အမှတ်အသားတံဆိပ်နှင့် ထင်ယောင်ထင်မှားဖြစ်စေအောင် တုပပြုလုပ်ရောင်းချသည်မှာ မှန်ကြောင်း၊ ထိုသို့ မှန်ကန်သည့်အတွက် ထိုသို့ တံဆိပ်အမှတ်အသားကို တုပအသုံးမပြုရန် တရားလိုက ထာဝရ တားဝရမ်း ရထိုက်ခွင့် ရှိသည်ဆိုသည်မှာ မှန်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

တရားလို၏ကိုယ်စားလှယ်စာရသူ ဒေါ်ခိုင်ဇာထွန်းမှ တရားပြိုင်၏ပြုလုပ်ဆောင်ရွက်မှုကြောင့် တရားလို ၏ ကုန်ပစ္စည်းအရောင်း ကျဆင်းပြီး နစ်နာဆုံးရှုံးခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မေလကုန်နောက်ပိုင်းတွင် ENJOY

---

၁။ ၂၀၁၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၁၆။

၂။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၄။

Vitamin E oil အရောင်းစာရင်းကိုစစ်ဆေးရာ ရောင်းအားကျဆင်းခဲ့ကြောင်း၊ စုစုပေါင်း ကျပ်သိန်း ၂၀၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ရကြောင်း ထွက်ဆိုချက်ကို ကုမ္ပဏီဝန်ထမ်း ဒေါ်စန်းစန်းမော်(လိုပြ-၁)၊ ဒေါ်ဇင်မာအေး(လိုပြ-၃)၊ ဒေါ်မိမိစု(လိုပြ-၁၀)တို့က ထောက်ခံထွက်ဆိုထားကြသည်။

တရားလို၏ ENJOY ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းဖြစ်သည့် Vitamin E oil ခေါင်းလိမ်းဆီနှင့်တူညီစေရန်၊ ဆင်တူယိုးမှားဖြစ်စေရန် ထုတ်လုပ်သည့်ပုံစံဖြင့် တရားပြိုင်က တုပပြုလုပ် ဖြန့်ချိရောင်းချမှု ပြုခဲ့ကြောင်း သက်သေထွက်ဆိုချက်များနှင့် သက်သေခံစာရွက်စာတမ်း အထောက်အထားများအရ ပေါ်ပေါက်သဖြင့် တရားလိုအနေဖြင့် ကုစား၍မရနိုင်သော နစ်နာဆုံးရှုံးမှုများ ရှိနေပေသည်။

ထို့ကြောင့် တရားပြိုင်သည် တရားလို၏ကုန်တံဆိပ်အမှတ်အသားကို ထိပါး နှောင့်ယှက်သည့်အတွက် တရားလိုသည် တောင်းဆိုထားသော နစ်နာကြေးငွေ ကျပ်သိန်း ၂၀၀၀ ကို ရထိုက်ခွင့်ရှိကြောင်း ငြင်းချက်(၂)နှင့် စပ်လျဉ်း၍ ဖြေဆိုလိုက်သည်။

ငြင်းချက်(၃)

ငြင်းချက်(၁)(၂)ပါ ဖြေဆိုချက်များအရ တရားလိုတောင်းဆိုသည့်အတိုင်း တရားလို၏ ENJOY Vitamin E oil ခေါင်းလိမ်းဆီ ကုန်ပစ္စည်း ထုပ်ပိုးပုံစံနှင့် ဆင်တူယိုးမှား ထုပ်ပိုးပုံစံတို့ကို တုပ၍ ပြုလုပ်ထားသော တရားပြိုင်၏ GOAL Vitamin E oil ခေါင်းလိမ်းဆီ တံဆိပ်အမှတ်အသားကို တုပပြုလုပ်ရောင်းချခြင်း မပြုရန် တားမြစ်စေသည့် ထာဝရ တားဝရမ်းကို ထုတ်ဆင့်ပေးလိုက်ပြီး တရားပြိုင်၏ပြုလုပ်မှုကြောင့် တရားလိုနစ်နာခဲ့သည့် နစ်နာကြေးငွေ ကျပ်သိန်း ၂၀၀၀ (ကျပ်သိန်းနှစ်ထောင်)ကို တရားပြိုင်က တရားလိုသို့ ပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀/- သတ်မှတ်သည်။

ပုံ × ×

( ချိုချိုမာ )

တွဲဖက်ခရိုင်တရားသူကြီး(၁)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။